# ၁၉၅၉ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

## [၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃။]

## ၁၉၅၉ ခုနှစ်

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွက် နောက်ထပ်ဘဏ္ဍာ တော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှစုစုပေါင်းကျပ်ငွေ ၅, ၅၂, ၃၃, ၀၅၀ (ဤအက်ဥပဒေပါ ဇယားတွင်ဖော်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၈ ခုနှစ်၊ ဘဏ္ဍာတော် ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေ(၁၉၅၈ ခုနှစ်၊ အက်ဥပဒေ အ မှတ် ၂၃) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်း ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား